
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 1891 - 1910)
စာစဉ် – ၉၇

သိုင်းပါရဂူ

စာစဉ် ( ၉၇ )

အပိုင်း ( ၁၈၉၁ )

" သူတစ်ကယ် အောင်မြင်သွားတာလား "

အားလုံးထဲတွင် ထိတ်လန့်ဆုံးကတော့ ဖူရှန်းဂေါင်ဖြစ်၏။

ဆေးတာအိုအပေါ် သူ၏နားလည်မှုက ဤနေရာတွင်ရှိသော လူများအားလုံးထက် ပို၍ နက်ရှိုင်းစွာ နားလည်သည်။ ထို့ကြောင့်လည်း အားလုံးထဲတွင် သူကပို၍ မယုံကြည်နိုင်အောင် ဖြစ်နေခဲ့ခြင်းဖြစ်၏။

" ဆေးမီးဖိုက ပေါက်ကွဲသွားပြီ၊ ဆေးပင်တွေ ပေါင်းစပ်ခြင်းကလည်း ပျက်စီးသွားပြီပဲ၊ ပုံမှန်အခြေအနေအရဆိုရင် ဆေးလုံးက ဖြစ်တည်လာစရာ အကြောင်းမရှိဘူး၊ ဒါပေမဲ့အခု ... "

ဖူရှန်းဂေါင် သူ၏ အရှေ့ရှိအရာအား သေချာစဉ်းစားလေ နားမလည်နိုင်လေ ဖြစ်နေ၏။

" မဟုတ်သေးဘူး၊ ဆေးမီးဖိုက အရှင်းကို ပေါက်ကွဲသွားတာ အထဲမှာ ရှိနေတဲ့ ဆေးပင်တွေက ပျက်စီးသွားမှာပဲ ဘာလို့ အခုလိုပုံစံနဲ့ ဆေးဖော်စပ်ခြင်း အောင်မြင်သွားတာလဲ "

ဖူရှန်းဂေါင် ဖြစ်စဥ်များကို သေချာပြန်တွေးကြည့်ရင်း ရေရွတ်လိုက်၏။ ရုတ်တရက် တစ်စုံတစ်ခုကို တွေးမိလိုက်ကာ သူ၏ ခန္ဓာကိုယ်က တုန်ခါသွားပြီး မျက်နှာအမူအရာက ဆိုးဆိုးရွားရွားကို ပျက်ယွင်းသွားသည်။ သူ၏ စိတ်ဝိညာဥ်ကတော့ ကမောက်ကမဖြင့် ခါရမ်းသွား၏။

" ကောင်းကင်တာအို ဆေးမီးဖို "

" ဒဏ္ဍာရီထဲမှာ ပျောက်ကွယ်သွားတဲ့ ကောင်းကင်တာအို ဆေးမီးဖို "

ရှေးခေတ် မှော်ဆေးပညာရပ်ထဲတွင် ကောင်းကင်တာအို ဆေးမီးဖိုကို ဖွဲ့စည်းနိုင်သော လျှို့ဝှက်နည်း စနစ်တစ်ခု ရှိ၏။

" မင်းက ကောင်းကင်တာအို ဆေးမီးဖိုကို တကယ်အသုံးပြုနိုင်တယ်၊ မင်းဘယ်သူလဲ တိမ်တိုက်မြူခိုးနန်းတော်က မင်းလိုအားကောင်းတဲ့ မှော်ဆေးပညာ ရှင်ကို ဘယ်တော့မှ ပြုစုပျိုးထောင်ပေးနိုင်မှာ မဟုတ်ဘူး "

ဖူရှန်းဂေါင် ချင်းချန်အား ထိတ်လန့်တကြားကြည့်ကာ ရေရွတ်လိုက်၏။ သူမ၏ မျက်လုံးများက ဗလာဖြစ်နေခဲ့သော်လည်း သူမ၏ မျက်နှာပေါ်ရှိ စိတ်လှုပ်ရှားမှုကို အတိုင်းသား တွေ့မြင်နေရသည်။

" ဒီကောင်က တော်တော်လေးကို ရိုးရှင်းခြင်းမရှိဘူး၊ သူ့ရဲ့ ကျင့်ကြံခြင်း ခွန်အားကလည်း တော် တော်လေးကို သန်မာတယ်၊ အစီရင်ပညာမှာလဲ ကုန်းမြေတိုက်ကြီးရဲ့ ထိပ်ဆုံးအဆင့်ကို ရောက်ရှိနေပြီ၊ သူ့ရဲ့မှော်ဆေးပညာရပ်ကလဲ ကြောက်စရာကောင်းအောင် မြင့်မားလွန်းတယ်၊ တိမ်တိုက်မြူခိုးနန်းတော်က ဒီလိုမျိုးပါရမီရှင်တစ်ယောက်ကို ပြုစုပျိုးထောင်နိုင်လိုက်တာ ဖြစ်နိုင်ပါ့မလား၊ ငါကပဲ တကယ်ကို အသက်ကြီးမားနေခဲ့ပြီလား "

ဖူရှန်းဂေါင်၏ စိတ်ထဲတွင် အလွန်ပင် ဝမ်းနည်းကြေကွဲသွားကာ သူ၏

ရင်ထဲတွင် တုန်လှုပ်ခြောက်ခြားမှုများက ပြည့်နှက်လာ၏။

" လာစမ်း "

ချင်းချန် သူ၏ လက်ကို ဝှေ့ရမ်းလိုက်လျှင် ချက်ချင်းပင် ကောင်းကင်တာ အိုဆေးမီးဖိုက လေထုထဲတွင် ပျောက်ကွယ်သွားကာ ဆေးအလင်း တန်းများက သိပ်သည်းသွားပြီး ဆေးလုံးများက သူ၏ လက်ထဲသို့ ကျဆင်းလာသည်။

သူ၏ မျက်နှာက ဖြူဖျော့နေကာ လက်ထဲမှဆေးလုံးကို ကြည့်ရင်း သက်ပြင်းကို ရှည်လျားစွာ ချလိုက်၏။

နောက်ဆုံးတော့ သူအောင်မြင်ခဲ့ချေပြီ။

အစကတော့ သူ ဆေးဖော်စပ်ခြင်း မအောင်မြင်မှာကို စိုးရိမ်နေ၏။ ယခုတစ်ကြိမ်သာ မအောင်မြင်ခဲ့လျှင် ထပ်မံ၍ ဆေးလုံး ထပ်ဖော်စပ်ရန်အတွက် လွယ်ကူမည် မဟုတ်တော့ပေ။ အဆင့်ကိုး ထိပ်ဆုံးအဆင့်ဆေးပင်များက တိမ်တိုက်မြူခိုးနန်းတော်၏ ဆေးဥယျာဥ်ထဲ၌ပင် အလွန်ရှားပါးကာ တစ်ပင်စီသာ ရှိ၏။ သူ့တွင် နောက်တစ်ကြိမ် စမ်းသပ်ရန်အတွက် ဆေးပင်များ ထပ်မံ၍ မရှိတော့ချေ။

" ဖူရှန်းဂေါင် မင်းကိုယ့်ကိုယ်ကိုယ် အဆင်သင့်လုပ်ထား၊ မင်းရဲ့ခန္ဓာကိုယ်က စွမ်းအားတွေအကုန်လုံး တည်ငြိမ်သွားတာနဲ့ မင်းရဲ့ဒဏ်ရာတွေကို ကုသပေးမယ် "

ချင်းချန် ချက်ချင်းပင် ဖူရှန်းဂေါင်အား လှည့်ကြည့်ကာ ပြောလိုက်၏။

" ကောင်လေး မင်းကငါ့ကို ဒီဆေးလုံး တကယ်တိုက်မှာလား "

ဖူရှန်းဂေါင် ရုတ်တရက် လေးနက်သော အသံဖြင့်မေးလိုက်သည်။

" မင်းအတွက် ဖော်စပ်တဲ့ဆေးကို မင်းကိုမတိုက်လို့ဘယ်သူ့ကိုသွားတိုက်

ရမှာလဲ "

ချင်းချန် ချက်ချင်းပင် ဆေးလုံးတစ်လုံးကို ဖူရှန်းဂေါင်ဆီသို့ လှမ်း၍ ပစ်ပေးလိုက်၏။

ဖူရှန်းဂေါင် ထိုဆေးလုံးကို မည်သို့ပြုလုပ်ပါစေ စိတ်ဝင်စားခြင်းမရှိတော့ပေ။ ဖူရှန်းဂေါင်သည် တွေဝေတုံ့ဆိုင်းခြင်းမရှိပဲ ဆေးလုံးလက်ထဲသို့ ရောက်လာသည်နှင့် ချက်ချင်းပင် သေချာလေ့လာလိုက်သည်။

ဆေးလုံးတစ်လုံး၏ အရေးကြီးဆုံးအချက်မှာ ဆေးဖော်စပ်ခြင်း၏ အောင်မြင်မှုနှုန်းဖြစ်၏။

ဆေးလုံးတွင် အညစ်အကြေးများရှိနေပါက ဆေးဖော်စပ်ခြင်းက မအောင်မြင်ဘူးဟု သတ်မှတ်နိုင်သေးသည်။

ကောင်းကင်နှင့်မြေကြီး ကောင်းချီးပေးခြင်းပင် ထွက်ပေါ်လာသောကြောင့် ချင်းချန်၏ ဆေးလုံးက မသန့်စင်သော ဆေးလုံး လုံးဝမဖြစ်နိုင်သော်လည်း အခြားချို့ယွင်းချက်များကတော့ ရှိနိုင်သေးသည်။

ဖူရှန်းဂေါင်သည် ဆေးလုံးအား သေချာဂရုစိုက် ခံစားလိုက်လျှင် တစ်ခဏအကြာ၌ လေးပင်သော သက်ပြင်းကို ချလိုက်၏။

" ဒါက အရမ်းကိုကောင်းမွန် ပြီးပြည့်စုံတဲ့ ဆေးလုံးတစ်လုံးပဲ "

သူ၏လေသံထဲတွင် တုန်လှုပ်မှုများ ပါဝင်နေ၏။

ပြီးပြည့်စုံသော အဆင့်ကိုး ထိပ်တန်းအဆင့် ဆေးလုံးကို သန့်စင်ဖို့မပြောနှင့် ရိုးရိုးအဆင့် ဆေးလုံးတစ်လုံးကို သန့်စင်ဖို့တောင်မှ အလွန်ပင် ခက်ခဲလွန်းလှသည်။

" မင်းဒါကို မြင်နိုင်တာကောင်းတယ်၊ ဒီသခင်ငယ်က မင်းကိုလိမ်တယ်လို့ အခုထိထင်နေသေးတာလား၊ မင်းရဲ့ ကျင့်ကြံခြင်းအခြေခံကို အရင်ဆုံး ချိန်

ညှိလိုက်၊ ပြီးရင် ငါမင်းကို ကုသပေးမယ် "

" ဘဝနှစ်ခု အသက်ဆက် ဆေးက မင်းရဲ့ခန္ဓာကိုယ်အတွက် အထူးသီးသန့် ဖော်စပ်ထားတာ ဆိုပေမဲ့ မင်းရဲ့ခန္ဓာကိုယ်မှာ ဒဏ်ရာတွေက တော်တော်လေးကို များပြားလွန်းတယ်၊ ဒါကြောင့် ငါကူညီပေးဖို့လိုအပ်တယ် "

ချင်းချန် ထပ်မံ၍ သတိပေးလိုက်၏။

" ပြီးတော့ မင်း ဂျောင်ဒိုဝမ်၊ မင်းရဲ့ကျင့်ကြံအဆင့် လက်ရှိအခြေအနေကို ချိန်ညှိလိုက်၊ ဆေးလုံးက တစ်လုံးပဲရှိတာ၊ မင်းမှာ အခွင့်အရေးက တစ်ခါပဲ ရှိတယ် "

ချင်းချန် ဂျောင်ဒိုဝမ်အားကြည့်ကာ ပြောလိုက်၏။

" ငါ့အတွက် တစ်လုံးရှိသေးတာလား "

ဂျောင်ဒိုဝမ် အံ့သြသွားသည်။ သူသည် မည်သည့်ဒဏ်ရာမှ ရရှိထားခြင်းမရှိပေ။ အဘယ့်ကြောင့် ဆေးသောက်သုံးရမည်နည်း။

" သခင်လေးချန် ငါ့ရဲ့ခန္ဓာကိုယ်မှာလဲ တစ်စုံတစ်ခု မှားယွင်းနေလို့လား "

ဂျောင်ဒိုဝမ်သည် အံ့အားသင့်ကာ မေးမြန်းလိုက်၏။ သူ၏ ခန္ဓာကိုယ်တွင် ယခုကဲ့သို့ ကြောက်စရာကောင်းသည့် ဆေးလုံးဖြင့် ကုသမှုဖြစ်သော ရောဂါတစ်ခုခံစားနေရပြီလား။

" မင်းကို ဒဏ်ရာရနေတယ်လို့ ဘယ်သူက ပြောလို့လဲ "

ချင်းချန် ဂျောင်ဒိုဝမ်အား အံ့သြစွာဖြင့် ကြည့်လိုက်ကာ ...

" ဒါက ငါမင်းအတွက် သီးသန့် ဖော်စပ်ထားတဲ့ ဆေးလုံး၊ မင်းရဲ့ကျင့်ကြံအဆင့်နဲ့ ပါရမီအရည် အချင်းအရဆိုရင် ဒီကမ္ဘာကြီးရဲ့ အထွတ်ထိပ်နယ်ပယ်ကို ဝင်ရောက်ဖို့အတွက် အခွင့်အရေးတစ်ကြိမ်ပဲရှိတယ်၊ ဒါကလဲ နှစ်ပေါင်း နောက်ထပ်ရာနဲ့ချီ ကြာမြင့်ဦးမှာ၊ ဒီကိုးကောင်းကင် ကျော်

ဖြတ်ခြင်းဆေး လုံးက မင်းရဲ့ကျင့်ကြံအဆင့်ကို ပိုပြီးမြန်ဆန်စေပြီးတော့ အထွတ်ထိပ်အဆင့်ကို ရောက်ရှိဖို့အတွက် အခွင့်အရေး ငါးဆယ်ရာခိုင်နှုန်းတိုးမြှင့်ပေးနိုင်တယ် "

" တစ်ခုရှိတာက အောင်မြင်တယ် မအောင်မြင်ဘူးဆိုတာက မင်းရဲ့ကိုယ်ပိုင်ဆန္ဒနဲ့ ကောင်းကင်တာအိုအပေါ် နားလည်နိုင်မှုမှာ မူတည်တယ် "

ဂျောင်မိသားစုဘိုးဘေး ဂျောင်ဂူဖ သေဆုံးသွားပြီးနောက် ဂျောင်မိသားစုတစ်ခုလုံး ချင်းချန်၏ လက်ထဲသို့ ကျရောက်လာခဲ့ပြီး အထွတ်ထိပ်ကျင့်ကြံသူတစ်ယောက်မှ မရှိတော့ပေ။ ထို့ကြောင့် သူသည် ဘဝနှစ်ခု အသက်ဆက်ဆေးကို သန့်စင်သောအခါ ဂျောင်ဒိုဝမ်အတွက်လည်း ကိုးကောင်းကင်ကျော်ဖြတ်ဆေးကို တစ်ခါတည်း သန့်စင်ပေးခဲ့၏။

ထိုအရာက ချင်းချန် ပထမတစ်သုတ်ဆေးပင်များကို သန့်စင်ပြီးတာတောင်နောက်ထပ် ဆေးပင်ပေါင်း မြောက်များစွာကို ထပ်မံ၍ ဆေးမီးဖိုထဲသို့ ထည့်လိုက်ရသည့် အကြောင်းအရင်း ဖြစ်သည်။

သူသည် ဘဝနှစ်ခု အသက်ဆက် ဆေးကို သန့်စင်နေရင်းနှင့် ကိုးကောင်းကင်ကျော်ဖြတ်ခြင်း ဆေးလုံးကိုလည်း တစ်ခါတည်းသန့်စင်ခဲ့ခြင်းဖြစ်၏။

" ဒီကမ္ဘာကြီး၏ အထွတ်ထိပ်အဆင့်ကို ငါးဆယ်ရာခိုင်နှုန်း ကျော်ဖြတ်ဖို့အခွင့်အရေးရှိတာလား "

ဂျောင်ဒိုဝမ်သည် ချင်းချန်၏ စကားအားကြားသောအခါ သူ၏ ဦးခေါင်းထက်တွင် မိုးကြိုးပစ်ချ လိုက်သလို ခံစားလိုက်ရသည်။

သူ၏ တစ်ကိုယ်လုံးက တုန်ယင်လာကာ နီမြန်းနေပြီး ချင်းချန်အား စိတ်

လှုပ်ရှားစွာဖြင့် ကြည့်လိုက်၏။

" သခင်လေးချန် ဒါအမှန်ပဲလား "

ကျောင်ဒိုဝမ် အိပ်မက်မက်နေခဲ့သလို သူခံစားနေရသည်။

အမှန်တကယ်တော့ ကျောင်ဒိုဝမ်သည် လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော် ကတည်းက ကိုးကောင်းကင် သိုင်းဇကရာဇ် နှောင်းပိုင်း အဆင့်သို့ ဝင်ရောက်လာခဲ့သူ ဖြစ်၏။

သို့သော် ယခုအချိန်အထိ သူ ဤကမ္ဘာကြီး၏ အထွတ်ထိပ်အဆင့်ကို မတက်ရောက်နိုင်သေးချေ။ နောက်ထပ်နှစ်ပေါင်း တစ်ရာ၊ နှစ်ရာအတွင်း တစ်ချိန်ချိန်တွင် ကမ္ဘာကြီး၏ အထွတ်ထိပ်သို့ တက်လှမ်းနိုင်မည်ဟု ကျောင်မိသားစု၏ ဘိုးဘေးက သူ့အားပြောခဲ့ဖူး၏။

သို့သော် နှစ်ပေါင်းတစ်ရာ သို့မဟုတ် နှစ်ရာက ကျောင်ဒိုဝမ်အတွက် အလွန်ပင် ရှည်လျားလှပြီး ထိုရှည် လျားလှသော နှစ်များအတွင်း သူမည် ကဲ့သို့ ဖြစ်သွားမည်ဆိုတာကို မည်သူမှ မသိနိုင်ပေ။

ယခုတွင် ချင်းချန်သည် သူ့အား အဆင့် ချက်ချင်းကျော်ဖြတ်ကာ တက်ရောက်နိုင်သော အခွင့်အရေးတစ်ခုကို ပေးလာသောကြောင့် အလွန် စိတ်လှုပ်ရှားလာ၏။

" အမ် "

ဖူရှန်းဂေါင် အံ့အားသင့်စွာဖြင့် သူ၏ ဦးခေါင်းကိုမော့လိုက်သည်။

" ဘဝနှစ်ခု အသက်ဆက်ဆေးကို သန့်စင်နေရင်းနဲ့ ကိုးကောင်းကင်ကျော်ဖြတ်ဆေးကိုလဲ တစ်ခါတည်း သန့်စင်ခဲ့တာလား၊ ဘုရား ဘုရား "

" ဒီကောင်က လူလား မကောင်းဆိုးဝါးလား "

ဤကဲ့သို့သော နည်းစနစ်မျိုးကို သူ တစ်ခါမှ မကြားဖူးပေ။

ထျန်းဝူသိုင်းကုန်းမြေတိုက်ကြီးတွင် မှော်ဆေးပညာရပ်များ အားလုံးကို ကျွမ်းကျင်ပိုင်နိုင်သည် ဆိုသော ဆေးခန်းမ၏ ဂိုဏ်းချုပ်ပင်လျှင် ထိုနည်းလမ်းကို လုပ်ဆောင်နိုင်မည် မဟုတ်ပေ။ ယခုတော့ လူငယ်လေး တစ်ယောက်က လုပ်ဆောင်ခဲ့၏။

" သူက တကယ်ပဲ ဘယ်သူလဲ "

ဖူရှန်းဂေါင်၏ နှလုံးသားတစ်ခုလုံးက ကြီးမားသော လှိုင်းလုံးများ ပြည့်နှက်လာပြီး ချင်းချန်ကြောင့် အလွန် တုန်လှုပ်သွားပြန်သည်။

***

# သိုင်းပါရဂူ

## စာစဉ် ( ၉၇ )

## အပိုင်း ( ၁၈၉၂ )

ချင်းချန်သည် ယခုအချိန်တွင် အလွန်ပ အားနည်းသည့်အခြေနေတွင် ရှိနေ၏။ သူ၏ မျက်နှာတစ်ခုလုံးက ဖြူဖျော့နေပြီး စိတ်ဝိညာဉ်စွမ်းအားများကလည်း ဆေးလုံးနှစ်လုံး ဖော်စပ်လိုက်သည်အချိန်တွင် ကုန်ဆုံးလုနီးပါးဖြစ်သွားသည်။ ထို့ကြောင့် သူချက်ချင်းပင် စွမ်းအားများကို ပြန်လည်ဖြည့်တင်းရန်အတွက် တင်ပျဉ်ခွေထိုင်ချလိုက်၏။

ထို့နောက် ကြယ်ကိုးစင်းနတ်ဘုရားကျင့်စဉ်ကို လည်ပတ်ကာ ကောင်းကင်နှင့် မြေကြီး၏ စစ်မှန်သော ချီစွမ်းအင်မြောက်များစွာကို ဆုပ်ယူလိုက်သည်။

" ဟူး ဟူး ဟူး ဟူး ဟူး "

ကောင်းကင်နှင့် မြေကြီးကြားရှိ ချီစွမ်းအင်များက ရေငွေ့များအဖြစ်ပြောင်းလဲသွားကာ မတူညီသော လမ်းကြောင်းကိုးခုမှနေ၍ ချင်းချန်၏ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်လာ၏။

ထိုမြင်ကွင်းက လူတိုင်းကို တဖန်ထပ်မံ၍ တုန်လှုပ်သွားစေသည်။

စစ်မှန်သော ချီစွမ်းအင်များကို ယခုကဲ့သို့ စုပ်ယူနိုင်သူကို သူတို့ ပထမဆုံးအကြိမ် တွေ့ဖူးကြခြင်း ဖြစ်သည်။

စစ်မှန်သော ချီအနှစ်သာရများကို စုပ်ယူနေရင်း ချင်းချန်၏ လက်ထဲ၌ စိတ်ဝိညာဥ် ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးများ ထွက်ပေါ်လာ၏။ ထိုဆေးလုံးများက အလွန် အဆင့်မြင့်သော ဆေးလုံးများဖြစ်သော်လည်း ချင်းချန်ကတော့ ၎င်းတို့ကို ပဲကြီးလှော်ဝါးသကဲ့သို့ ဝါးစားလိုက်သည်။

ထို့ကြောင့် ချင်းချန်၏ ရှေ့တွင် အဆင့်မြင့်ချီကျောက်တုံးများ အပုံလိုက်ထွက်ပေါ်လာသည်။ ထိုချီကျောက်တုံးများက တောင်ကုန်းအသေးလေးတစ်ခုအနေအထားရှိအောင်ပင် များပြားလွန်းလှ၏။ ထို့နောက် ထိုချီကျောက်တုံးများမှ ချီစွမ်းအင်များအားလုံး ချင်းချန်၏ ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်သွားသည်။

အဆုံးမဲ့ပေါက်ကွဲသံများ ထွက်ပေါ်လာခဲ့ပြီး ချီကျောက်တုံးများအားလုံးက အဆက်မပြတ် ကြေမွသွားကာ အမှုန့်များအဖြစ် ပြောင်းလဲသွားပြီး ချင်းချန်၏ ခန္ဓာကိုယ်ကို ခွန်အားဖြည့်တင်းပေးနေ၏။

ချင်းချန်၏ ပြုလုပ်နေပုံအားကြည့်ပြီး ပတ်ဝန်းကျင်ရှိလူတိုင်း ဆွံ့အနေကြသည်။ စိတ်ဝိညာဥ်ပြန် လည်ဖြည့်တင်းခြင်း ဆေးလုံးကို ပဲကြီးလှော်ဝါးသလို ဝါးနေသောလူအား ပထမဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်သည်။ အဆင့်မြင့်ချီကျောက်တုံးများကို စုပ်ယူနေသည့်နှုန်းထား ကောင်းကင်နှင့် မြေကြီးကြားရှိ စိတ်ဝိညာဥ် ချီစီးကြောင်းကိုးခု ထိုအရာအားကြည့်ပြီး လူတိုင်းအံ့သြကာ ဆွံ့အနေကြ၏။

" ဒါက ... သခင်လေးချန် သူ့ရဲ့ခန္ဓာကိုယ် ပေါက်ကွဲသွားမှာ မကြောက်ဘူးလား "

ကျောင်းဒိုဝမ် သူ၏မေးဖြားက တဂတ်ဂတ် ရိုက်နေကာ တုန်လှုပ်စွာဖြင့်

မေးလိုက်သည်။

ထိုအချိန်တွင် ချင်းချန်၏ ခန္ဓာကိုယ်ထဲရှိ စစ်မှန်သော ချီအနှစ်သာရနှင့် စိတ်ဝိညာဉ်စွမ်းအားများကတော့ အံ့သြစရာကောင်းသော အရှိန်အဟုန်ဖြင့် ပြန်လည်ကောင်းမွန်လာ၏။

တစ်နာရီအကြာတွင် ချင်းချန် မတ်တပ်ထရပ်လိုက်ကာ သူ၏ တစ်ကိုယ်လုံးမှ အော်ရာများက ပြန်လည်၍ သိပ်သည်းစွာ ထွက်ပေါ်လာသည်။

" အနည်းဆုံးတော့ ငါ့ရဲ့စိတ်စွမ်းအားနဲ့ ချီအနှစ်သာရက ခုနှစ်ဆယ် ရှစ်ဆယ်ရာခိုင်နှုန်း နီးပါးကို ပြန်ကောင်းလာတာပဲ "

ချင်းချန် သူ့ဘာသာသူ ရေရွတ်လိုက်၏။

ထိုစကားအားကြားလျှင် ဂျောင်ဒိုဝမ် မြေပြင်ပေါ်သို့ ဖင်ထိုက်လျက် ကျသွားသည်။

တောင်ကုန်းငယ်လေး တစ်ခုနီးပါးရှိသော ချီကျောက်တုံးများနှင့် ကောင်းကင်နှင့် မြေကြီးရှိ ပြင်းထန်စွာ စုပ်ယူလိုက်သော ချီစီးကြောင်းကိုးခု ထို့ပြင် ပဲကြီးလှော်အလား ဝါးစားလိုက်သော စိတ်ဝိညာဉ် ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးများ ထိုအရာများ အားလုံးကို သုံးစွဲလိုက်တာတောင်မှ သခင်လေးချန်၏ ခန္ဓာကိုယ်က ခုနှစ်ဆယ်ရာခိုင်နှုန်းနှင့် ရှစ်ဆယ်ရာခိုင်နှုန်းခန့်သာ ပြန်လည်ကောင်းမွန်သေးသည်လား။ မည်ကဲ့သို့သော မကောင်းဆိုးဝါးဆန်သည့် လူဖြစ်သနည်း။

" မဟာအကြီးအကဲ မင်းငါ့အတွက် တစ်စုံတစ်ခု ပြင်ဆင်ပေးရမယ်၊ ဂိုဏ်းချုပ် ဖူရှန်းဝေါင်ကို ကုသပေးဖို့ အတွက် "

ချင်းချန်၏ လက်ရှိဦးစားပေးမှာ ဖူရှန်းဝေါင်ကို ကုသရန် ဖြစ်၏။ ဖူရှန်းဝေါင်သည် ယခုအချိန်တွင် သူ၏ ခန္ဓာကိုယ် အခြေနေက တည်ငြိမ်သွားသ

ည့်ပုံ ရသည်။ အချိန်ထပ်ဆွဲ၍ ဒီ့ထက်သာ နောက်ကျသွားမည်ဆိုလျှင် နတ်ဘုရားများ ဆင်းသက်လာလျှင်တောင် သူ့အား ကုသပေးနိုင်တော့မည် မဟုတ်ပေ။

" ဟုတ်ကဲ့ "

ဂျောင်ဒိုဝမ် ယခုအချိန်ထိ အံ့ဩမှုများ မပြယ်သေးပဲ ချင်းချန်၏ လက်ထဲမှ စာရင်းစာရွက်ကို ယူလိုက်၏။

၎င်းတွင် ပါဝင်သောအရာများမှာ အပ်စိုက်ကုထုံးအတွက် အဆင့်မြင့်ရွှေအပ်အချို့နှင့် ကုသခြင်းနှင့် သက်ဆိုင်သော အခြားပါဝင်ပစ္စည်းများ ဖြစ်၏။

ဂျောင်ဒိုဝမ် မည်သည့်စကားမှ မပြောပဲ ထိုအရာများကို ပြင်ဆင်ဖို့အတွက် သူကိုယ်တိုင် လှည့်ထွက်သွားသည်။

တစ်ခဏအကြာတွင် ဂျောင်ဒိုဝမ်သည် ပစ္စည်း အမြောက်အမြားနှင့်အတူ ပြန်လည်ရောက်ရှိလာခဲ့သည်။

ယခုအချိန်တွင် ချင်းချန် လူတိုင်းအား ကြည့်ရှုမနေပဲ ဂျောင်ဒိုဝမ်အား ...

" မဟာအကြီးအကဲ ငါ့အတွက် လျှို့ဝှက်အခန်းတစ်ခု ပြင်ထားပေး "

မကြာခင်မှာပင် ဖူရှန်းဂေါင်နှင့် ချင်းချန်တို့က လျှို့ဝှက်ခန်းထဲသို့ ရောက်ရှိလာ၏။

" အားလုံးထွက်သွားကြ "

ချင်းချန် ဂျောင်ဒိုဝမ်နှင့် ကျန်လူများကို ပြောလိုက်သည်။

" ချင်းချန် "

ယိုချင်းရွှယ်နှင့် ဂျောင်ယူရီ၏ စကားမဆုံးမီမှာပင် ချင်းချန်သည် ...

" ချင်းရွှယ်နဲ့ ယူရီ မင်းတို့နှစ်ယောက်လည်း ခဏတော့ ရှောင်ပေးထားဦး

"

ကျောင်ယူရီနှင့် ယိုချင်းရှယ်တို့ နှစ်ယောက်လုံး ခေါင်းညှိတ်လိုက်ကြ၏။ ချင်းချန်က ယခုကဲ့သို့ ပြောသည့်အတွက် သူ့တွင် အကြောင်းပြချက် ရှိရပေမည်။

ဆန့်ကျင်ဘက်တွင် ကျောင်ဒိုဝမ်ကတော့ ချင်းချန်၏ ကုသသောနည်းလမ်းကို မတွေ့ရသောကြောင့် အနည်းငယ် စိတ်ပျက်သွား၏။

လျှို့ဝှက်ခန်းကို ပိတ်လိုက်ပြီးနောက် ချင်းချန် ပစ္စည်းပေါင်း မြောက်များစွာကို ထုတ်လိုက်ကာ အစီရင်တစ်ခုကိုလည်း သူ၏ ဘေးပတ်လည်ကို ချလိုက်သည်။

" ဟမ့် မင်းက ဘဝနှစ်ခု အသက်ဆက်ဆေးကို သန့်စင်ပေးတာနဲ့ မင်းကို ယုံကြည်လိုက်မယ်လို့ မထင်နဲ့ "

ဖူရှန်းဂေါင် အေးစက်စွာ ပြောလိုက်သော်လည်း သူ၏ အသံကတော့ အရင်လို မာကြောခြင်းမရှိတော့ပေ။

" စိတ်မပူနဲ့ မင်းငါ့ကို အနှေးနဲ့အမြန် ယုံကြည်လာလိမ့်မယ် "

" ဒါပေမဲ့ ထပ်ပြောချင်တာက ငါကလည်း မင်းယုံယုံ မယုံယုံ ခေါင်းထဲသိပ်မထည့်ဘူး၊ မင်းရဲ့ဒဏ်ရာတွေကို အရင်ဆုံး သက်သာအောင် ကုပြီးမှ ပြောကြတာပေါ့ "

ချင်းချန် ပြုံးလိုက်ကာ မိုးကောင်းကင် အစီရင်တစ်သောင်းချပ်ပြားကို ထုတ်ယူလိုက်၏။

" ဝှမ်း "

မိုးကောင်းကင် အစီရင် တစ်သောင်းချပ်ပြားမှ အစီရင်ပေါင်း တစ်ထောင်ခန့်က သိပ်သည်းစွာ ထွက်ပေါ်လာပြီး ယစ်ပုလ္လင်တစ်ခုပုံစံ ဖွဲ့စည်းသွား

သည်။

" မိုးကောင်းကင် အစီရင်တစ်သောင်း ချုပ်ပြား "

ဖူရှန်းဂေါင် ထိတ်လန့်တကြား ရေရွတ်လိုက်၏။

ထိုအရာက လက်နက်ခန်းမ၏ ရတနာဖြစ်သည်။ အဘယ့်ကြောင့် ထိုကောင်လေးတွင် ရှိနေခဲ့သနည်း။ ပို၍ အရေးကြီးသည်က ထိုကောင်လေးက မိုးကောင်းကင် အစီရင်တစ်သောင်းချုပ်ပြားကို အလွယ်တကူ ထိန်းချုပ်နိုင်နေခြင်း ဖြစ်သည်။

" အဲ့နားမှာ ရပ်မနေနဲ့ လာပြီးတော့ ဒီပုလ္လင်ပေါ်မှာထိုင် "

ချင်းချန် အမိန့်ပေးလိုက်၏။

" ဒီယစ်ပုလ္လင်က ဘာအတွက်လဲ "

ဖူရှန်းဂေါင် မျက်မှောင်ကြုတ်သွားသည်။ သူ၏ ဒဏ်ရာများကို ကုသပေးမည်ဟု ချင်းချန်က ပြောသော်လည်း ယစ်ပုလ္လင်တစ်ခု ဖွဲ့စည်းလိုက်ခြင်းက သူ့အား အနည်းငယ် သံသယဖြစ်စေသည်။

" ဘာလဲ မင်းကြောက်လို့လား "

ချင်းချန် ရယ်မောကာ ပြန်ပြောလိုက်၏။

" ဟမ့် ငါကကြောက်ရမယ် ဟုတ်လား "

ဖူရှန်းဂေါင် ချက်ချင်းပင် ဒေါသထွက်စွာဖြင့် ယစ်ပုလ္လင်ပေါ် တက်ထိုင်လိုက်သည်။

ချင်းချန် အနည်းငယ် ပြုံးလိုက်ကာ ပထမဆုံး ရွှေအပ်များကို သူ၏ ကြာပန်းနတ်ဆိုးမီးတောက်ဖြင့် သန့်စင်လိုက်ပြီး ဖူရှန်းဂေါင်အား ဆေးတစ်လုံး ထပ်ပေးကာ မြို့ချရန် အမိန့်ပေးလိုက်၏။

" ဒါက ဘယ်လိုဆေးလုံး အမျိုးအစားလဲ "

ဖူရှန်းဂေါင် မျက်မှောင်ကြုတ်သွား၏။ ချင်းချန် ပေးလာသော ဆေးလုံးက ဘဝနှစ်ခု အသက်ဆက်ဆေး မဟုတ်ပေ။

" မင်းသောက်ဆို သောက်လိုက်ပေါ့ ဘာတွေ လေရှည်နေတာလဲ "

ချင်းချန် ဖူရှန်းဂေါင်နှင့် အပိုစကားများ ထပ်မပြောချင်တော့ပဲ ဆေးလုံး အား သူ၏လက်ဖြင့် ချေမွလိုက်ကာ ဖူရှန်းဂေါင်၏ ပါးစပ်ထဲသို့ ပစ်ထည့် လိုက်သည်။

ဆေးမှုန်များက သူ၏ ပါးစပ်ထဲသို့ ဝင်လာသော အခါ ချက်ချင်းပင် အရည်ပျော်ပြီး လည်ချောင်းထဲသို့ စီးဝင်သွား၏။

ဖူရှန်းဂေါင်၏ တစ်ကိုယ်လုံးက ခန္ဓာကိုယ်ထဲတွင် မီးတောက်များ လောင်ကျွမ်းလာသလို ခံစားလိုက်ရကာ နာကျင်စွာ အော်ဟစ်လိုက်ရ သည်။

" အုန်း "

သူ၏ ခန္ဓာကိုယ်က ရုတ်တရက် နီရဲသောသွေးများ ချွေးပေါက်များမှ စီး ကျလာသည်။

" အား "

ဖူရှန်းဂေါင် နာကျင်စွာ ဟိန်းဟောက်လိုက်ရ၏။ ဤဆေးလုံး၏ အာနိသင်က သူစိတ်ကူးထားသည်နှင့် လုံးဝကို ကွဲပြားခြားနားနေသည်။ ၎င်းသည် ဒဏ်ရာကို ကုသပေးသော ဆေးလုံးမဟုတ်ပဲ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးကို ဖျက်ဆီးနေခြင်း ဖြစ်၏။

ထိုနာကျင်မှုက ဖူရှန်းဂေါင် သူ၏ ခန္ဓာကိုယ်သာမက ဝိညာဥ်ပင် ပူလောင်လာသလို ခံစားနေရသည်။

ဤသည်က သူ့ကို ကုစားပေးနေသည်လား။

ဖူရှန်းဂေါင်၏ အော်သံက လှိုဏ်ခန်းတစ်ခုလုံးကို ကျယ်လောင်စွာ ပဲ့တင်ထပ်နေပြီး သူ၏ ခန္ဓာကိုယ်တစ်ခုလုံးက ပြာများအဖြစ် လောင်ကျွမ်းသွား၏။

အမှန်တကယ်တော့ အစစ်အမှန် သူ၏ ခန္ဓာကိုယ်က လောင်ကျွမ်းသွားခြင်းမဟုတ်ပဲ စိတ်ဝိညာဉ်တွင် ထိုကဲ့သို့ ခံစားနေရခြင်း ဖြစ်သည်။

ဆေးလုံး၏ အာနိသင်အောက်တွင်တော့ ဖူရှန်းဂေါင်၏ ခန္ဓာကိုယ်က အမှန်တကယ်ကို လောင်ကျွမ်းခံနေရပြီး သူ၏ အသွေးအသားများက တဖြည်းဖြည်းဖြင့် ပျက်စီးယိုယွင်းနေ၏။

အရိုးများတောင်မှ ပူလောင်ကာ အက်ကွဲလာသည်။

ထို့ပြင် ထိုစွမ်းအားက ဖူရှန်းဂေါင်၏ ဝိညာဉ်ဆီသို့ စတင်ပျံ့နှံ့နေပြီး သူ၏ ဝိညာဉ်အား ပြင်းထန်စွာ လောင်ကျွမ်းနေ၏။

" ကောင်လေး မင်းဘာလုပ်တာလဲ၊ ဒါက တော်တော်လေးကို နာကျင်စေတယ် "

ဖူရှန်းဂေါင် ဒေါသတကြီး အော်ဟစ်လိုက်သည်။ သူ့အား ဒဏ်ရာကုသနေခြင်း မဟုတ်ပဲ ငရဲကြီး ဆယ့်ရှစ်ထပ်သို့ ထိုကောင်က ပို့လိုက်ခြင်း ဖြစ်သည်။

ချင်းချန်သည် အေးစက်စွာဖြင့် ပြန်လည်ပြောလိုက်၏။

" မင်းမသေချင်ရင် တိတ်တိတ်လေးနေ "

" ဘုန်း "

ထိုစကားပြောပြီးသည်နှင့် ချင်းချန် ဖူရှန်းဂေါင်၏ ခေါင်းကိုလက်ဝါးဖြင့် ရိုက်လိုက်လျှင် ထူးခြားဆန်းကြယ်သော စွမ်းအားတစ်ခုက ဖူရှန်းဂေါင်၏ စိတ်ဝိညာဉ်ပင်လယ်ကို ချက်ချင်းပင် ဝန်းရံသွားသည်။

ထို့နောက် ချင်းချန်သည် မည်သည့်အရာမှ မလုပ်တော့ပဲ ဖူရှန်းဂေါင်၏ ခန္ဓာကိုယ်တစ်ခုလုံး ကြေမွအက်ကွဲပြီး လောင်ကျွမ်းနေသည်ကို ထိုင်ကြည့်နေ၏။

" ဒီအဘိုးကြီး အစတည်းက မင်းက မယုံရဘူးဆိုတာ သိတယ် ... ဟား ဟား ဟား၊ ငါ့ကို သတ်ပစ်လိုက် ငါသေရင်တောင်မှ ဘာမှ သိရမယ်မထင်နဲ့ "

ဖူရှန်းဂေါင် နာကျင်မှုများကြားထဲမှ ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်၏။

" ဒီသခင်ငယ်က မင်းကိုသတ်ချင်ရင် အခုလို စိတ် ရှုပ်ခံမနေဘူး ပါးစပ်ကိုပိတ်ထား "

ချင်းချန် ကြိမ်းမောင်းလိုက်ပြီး ဖူရှန်းဂေါင်၏ ခန္ဓာကိုယ်အား လေးနက်စွာ စိုက်ကြည့်နေခဲ့သည်။

ဖူရှန်းဂေါင်၏ ခန္ဓာကိုယ်က နေရာလပ်မကျန်အောင် အဆုံးစွန်ထိ ပျက်စီးနေပြီ ဖြစ်၏။

" ရောက်ခါနီးပြီ "

ချင်းချန် ရုတ်တရက်ရေရွတ်လိုက်ကာ ရွှေအပ်များကို အလျင်အမြန် ကောက်ယူ၍ ဖူရှန်းဂေါင်၏ ဦးခေါင်းထိပ်ရှိ ဘိုင်ဟုသွေးကြောကို ထိုးစိုက်ချလိုက်သည်။

ထို့နောက် ချင်းချန်၏လက်က လက်ပေါင်းတစ်ထောင် ထွက်လာသကဲ့သို့ အရိပ်များဖြင့် လှုပ်ရှားသွားပြီး ထောင်ပေါင်းများစွာသော ရွှေအပ်များက ဖူရှန်းဂေါင်၏ ခန္ဓာကိုယ်အနှံ့ရှိ အပ်စိုက်မှတ်များကို ထိုးစိုက်သွား၏။

ဖူရှန်းဂေါင်၏ ခန္ဓာကိုယ်တစ်ခုလုံးက ဖြူးကောင်တစ်ကောင်လို အပ်များ

ဖြင့် ပြည့်နှက်သွားသည်။

ထို့နောက် ဘဝနှစ်ခု အသက်ဆက်ဆေးက ချင်းချန်၏ လက်ထဲတွင် ပေါ်လာပြီး ဖူရှန်းဂေါင်၏ ပါးစပ်ထဲသို့ ပစ်ထည့်လိုက်၏။

***